အိမ်သားအားလုံး အခိုင်းအစေများပါ အထူးအလိုက်သိကြ အထူးအသိဉာဏ်ရှိကြသောကြောင့် ရက်လစေ့၍ ဖွားမြင်သောအခါ သတို့သားကို "ပဏ္ဍိတ" ဟု နာမည်ပေးကြလေသည်။ [ပဏ္ဍိတ=ဉာဏ်ရှိသူ၊ ဝါ–လူလိမ္မာ။]

မိခင်သည် သားကလေးကို ချစ်လွန်းလှသဖြင့် "သား၏အလိုဆန္ဒကို အမြဲလိုက်မည်"ဟု စိတ်ပိုင်းဖြတ်ထား၏၊ သားကလေးကိုလည်း လူကောင်း သူကောင်း ဖြစ်စေလိုသောကြောင့် ငယ်စဉ်ကပင် ငါးပါးသီလသိက္ခာပုဒ်ကို အရှင်သာရိပုတြာထံ ယူစေ၍ အရှင်သာရိပုတြာကလည်း သိက္ခာပုဒ်များကို ချပေးထားလေသည်။

**ရှင်ပြုလိုခြင်း။** ။ပဏ္ဍိတသတို့သားကလေးသည် အရှင်သာရိပုတြာနှင့် လွန်စွာရင်းနှီးနေရကား ၇-နှစ်အရွယ် ရှိသောအခါ ရှင်သာမဏေပြုလုပ်လိုကြောင်း မိခင်အားပြောပြလေ၏၊ မိခင်သည် သားနှင့်မခွဲလိုသော်လည်း "သား၏စိတ်ကြိုက်ကို လိုက်မည်" ဟု စိတ်ပိုင်းထားသောကြောင့် "ကောင်းပြီ, သင်္ကန်းဝတ်ရစေမည်" ဟု ဝန်ခံ၍ နံနက်အခါ ကြွလာသော အရှင်သာရိပုတြာအား ဆွမ်းကပ်ပြီးလျှင် "ကလေးက ရှင်သာမဏေပြုလိုသောကြောင့် ညနေကျလျှင် ကျောင်းတော်သို့ ပို့လာပါမည်"ဟု လျှောက်လိုက်လေသည်။

**ကျောင်းပို့ခြင်း။** ။ထို့နောက် ဆွေမျိုးတို့ကို ဖိတ်ခေါ်၍ သားငယ်အား လူ့ဘောင်၌ပြုထိုက်သော အရေးပါမှုကို အစွမ်းကုန်ပြုပြီးလျှင် ညနေချမ်းအချိန်၌